# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

March 24 , 2022 Volume 52, Number 16


၂၄.၃.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၃၉ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၁၆၅ ကျပ် |
| CBM Rate | = ၁၇၇၈.၁ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၅၂.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၁၉.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၄၁.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၂၈.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၉.၀၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၂၈၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၄၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၀.၄၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၂.၈၉၃ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## Myancopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထုတ်လုပ်မှုနှင့်မိတ်ဆက်ခြင်း အခမ်းအနားကျင်းပ



https://www.myawady.net.mm/node/23514

Myancopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထုတ်လုပ်မှုနှင့် မိတ်ဆက်ခြင်းအခမ်းအနားကို ယနေ့ (၂၃-၃-၂၀၂၂) နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်ရှိ ဆေးဝါးစက်ရုံခွဲ (ရွာသာကြီး)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကိုကိုလွင်နှင့် ဦးရင်မောင်ညွန့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက ယခုလာမည့် ဧပြီလနှင့်မေလတွင် ကာကွယ်ဆေးထိုးနှံရမည့်သူအားလုံးကို ၁၀၀ ရာခိုင်နှုန်းပြည့်မီအောင် ထိုးနှံနိုင်ရေးကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ကာကွယ်ဆေးစွမ်းအားမြှင့် Booster Dose ထိုးနှံနိုင်ရေးအတွက်လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထပ်မံလိုအပ်နေမည်ဖြစ်၍ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် ဆေးဝါးစက်ရုံခွဲ (ရွာသာကြီး)သို့ လာရောက်ခဲ့သည့် ခရီးစဉ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လမ်းညွှန်မှာကြားခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများအား ရေတိုစီမံချက်အနေဖြင့် Sinopharm China National Biotec Groupမှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို Ready to Fill Bulk အနေဖြင့် ဝယ်ယူ၍ ပုလင်းသွင်းဖြည့်တင်းခြင်းကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည့်အတွက် ယနေ့အချိန်အခါတွင် Myancopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို စတင်ထုတ်လုပ်မှုနှင့် မိတ်ဆက်ခြင်းအခမ်းအနားကို အောင်မြင်စွာ

ကျင်းပနိုင်ခြင်းဖြစ်ကြောင်း၊ ပုလင်းသွင်းဖြည့်တင်းခြင်း ဆောင်ရွက်သည်ဟုဆိုသော်လည်း ကမ္ဘာပေါ်ရှိနိုင်ငံတိုင်းတွင် ထိုသို့ ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိရာ အာဆီယံဒေသတွင် မြန်မာနိုင်ငံအပါအဝင် ငါးနိုင်ငံဆောင်ရွက်နိုင်ခဲ့ပြီး Sinopharm ကာကွယ်ဆေးအား ပုလင်းသွင်းဖြည့်တင်းခြင်း(Fill-Finish)ကို ကမ္ဘာပေါ်တွင် လေးနိုင်ငံတည်း လုပ်ဆောင် နိုင်ခဲ့ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sinopharm CNBG ကလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထုတ်လုပ်မှု နည်းစဉ်များနှင့် အရည်အသွေးစမ်းသပ်စစ်ဆေးမှုနည်းစဉ်များကို သင်ကြားလေ့ကျင့်ပေးခဲ့ပြီး ယခုကဲ့သို့ Myancopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ပြည်တွင်း၌ အောင်မြင်စွာဆောင်ရွက်နိုင်မှုသည် ကာကွယ်ဆေးထုတ်လုပ်မှုနည်းစဉ်များ ရရှိခဲ့ရုံ သာမက နိုင်ငံခြားငွေသုံးစွဲမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း။

ယခုထုတ်လုပ်ထားရှိသည့် Myancopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် ဆေးပုလင်းတစ်လုံးလျှင် လူငါးဦးစာ (5 Doses)ဖြစ်၍ အပူချိန်(2-8°C)အတွင်းထားရှိရန် လိုအပ်ပြီး ဆေး၏သက်တမ်းမှာ တစ်နှစ်ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာန အနေဖြင့် လစဉ်ကာကွယ်ဆေး Does တစ်သန်းနှုန်းဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ကာကွယ်ဆေး Does ၁၀ သန်း ထုတ်လုပ်သွားမည်ဖြစ်ပြီး ထုတ်လုပ်ပြီးသည့် ကာကွယ်ဆေးများအားလုံးကို ကျန်းမာရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်သူ လူထုထံသို့ ကာကွယ်ဆေးထိုးနှံရေး ဆောင်ရွက်သည့်အစီအစဉ်၌ ထည့်သွင်းအသုံးပြုသွားရန် စီစဉ်ထားရှိကြောင်း။

ယခုအခါ မြန်မာနိုင်ငံ၌ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် မရှိမဖြစ်လိုအပ်သော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဆေးဝါးစက်ရုံ(အင်းစိန်)၏ ကြီးကြပ်မှုအောက်ရှိ ဆေးဝါးစက်ရုံခွဲ (ရွာသာကြီး)တွင် ထုတ်လုပ်နိုင်ခဲ့ပြီးဖြစ်ရာ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေးအတွက် အဘက်ဘက်မှ ပူးပေါင်းကူညီဆောင်ရွက် ပေးခဲ့ကြသည့် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် ပညာရှင်များ၊ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအားလုံးကို အထူးကျေးဇူးတင်ရှိကြောင်းနှင့် ရေရှည်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်မှုကို အစအဆုံးပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးအတွက် စက်မှုဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနတို့နှင့်သုတေသန လုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်က အမှာစကား ပြောကြား ပြီး Sinopharm Group ဥက္ကဋ္ဌ Mr. Liu Jingzhen နှင့် အဖွဲ့က Video Conferencing ဖြင့် ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် ဒေါက်တာ သက်ခိုင်ဝင်း၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင်တို့က Myancopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင် ထုတ်လုပ်မှုနှင့် မိတ်ဆက်ခြင်း အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက Myancopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထုတ်လုပ်မှုနှင့် မိတ်ဆက်ခြင်း အခမ်းအနားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက Myancopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်ရာတွင် ကူညီဆောင်ရွက်ပေးခဲ့သော မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာချန်းဟိုင်အားလည်း ကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက Myancopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်ရာတွင် ပါဝင်ဆောင်ရွက်ပေးခဲ့သော Sinopharm CNBG မှ ပညာရှင်များအားလည်းကောင်း၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင်က Myancopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထုတ်လုပ်ရာတွင် ဆောင်ရွက် ခဲ့သည့် မြန်မာ့ဆေးဝါးလုပ်ငန်းမှဝန်ထမ်းများ အားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်များပေးအပ် သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ပြည်ထောင်စု ဝန်ကြီးများနှင့် အခမ်းအနားတက်ရောက်လာကြသည့် ဧည့်သည်တော်များက Myancopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထုတ်လုပ်နေမှုနည်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

**Source:** https://www.myawady.net.mm/node/23514

## အိန္ဒိယ၏ ပဲတင်သွင်းခွင့်ကာလ ထပ်တိုးပေးမည့်ခန့်မှန်းချက်ကြောင့် မြန်မာ့မတ်ပဲ ပြည်ပတင်ပို့မှု နေးကွေးသွား




အိန္ဒိယအစိုးရရဲ့ မြန်မာကို ပေးအပ်ထားတဲ့ လွတ်လပ်စွာ ပဲတင်သွင်းခွင့်မူဝါဒက ယခုလမှာ သက်တမ်းကုန်ဆုံးမှာဖြစ်ပေမယ့် တင်သွင်းကာလ ထပ်မံတိုးမြှင့်ပေးနိုင်မယ့် ခန့်မှန်းချက်ကြောင့် မြန်မာ့မတ်ပဲ ပြည်ပတင်ပို့မှု အနည်းငယ်နေးကွေးသွားတယ်လို့ ဈေးကွက်စောင့်ကြည့်သူတွေက သုံးသပ်ကြပါတယ်။ တကယ်လို့ မတ်ပဲတင်သွင်းခွင့်ကာလ ထပ်တိုးပေးခဲ့ရင် ယခုဖြစ်ပေါ်နေတဲ့ ဈေးနှုန်းထက်ပိုမိုကာ ဈေးကောင်းရလာနိုင်ကြောင်း ပြောဆိုမှုတွေလည်းရှိနေပါတယ်။

ပြည်တွင်းဈေးကွက်အတွင်း မတ်ပဲ FAQ/RC တစ်တန်က ကျပ် ၁၄ သိန်း ၈ သောင်းကျပ်ခန့် ဈေးရရှိနေပြီး လဆန်းပိုင်းမှာဖြစ်ပေါ်ခဲ့တဲ့ ပေါက်ဈေးထက် ကျပ် ၁ သိန်းခွဲနီးပါး မြင့်တက်လာကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်ရဲ့ အချက်အလက်တွေမှာ ဖော်ပြထားပါတယ်။

ယခုနှစ် မြန်မာ့မတ်ပဲထွက်ရှိမှုက ယခင်နှစ်တွေထက် ပိုမိုနိုင်ပြီး တန်ချိန် ၈ သိန်းနီးပါး တင်ပို့နိုင်ဖို့ မျှော်မှန်းထားတာကြောင့် အဓိကဝယ်လက်ဖြစ်တဲ့ အိန္ဒိယရဲ့ ပြည်တွင်းပဲဈေးနှုန်းထိန်းညှိမှုက မြန်မာ့မတ်ပဲဈေးနှုန်းနဲ့ တင်ပို့မှုအပေါ် အကျိုးသက်ရောက်မှုအမြဲရှိနေတာကိုသတိပြုဖို့ လိုအပ်တယ်လို့ ရောကုန်သွယ်မှုဗဟိုဌာနက အသိပေးထားပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၀-၂၁ ဘဏ္ဍာနှစ်မှာ မြန်မာ့ပဲမျိုးစုံတင်ပို့မှုသမိုင်းအတွင်း အမြင့်ဆုံးဖြစ်တဲ့ တန်ချိန် ၂ သန်းကျော်၊ တန်ဖိုးအားဖြင့် တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၁.၅၇ ဘီလီယံအထိရရှိခဲ့ပြီး အများစုကိုတော့ မြန်မာပဲတင်ပို့မှုရဲ့ အဓိကဈေးကွက်ဖြစ်တဲ့ အိန္ဒိယကိုတင်ပို့ခဲ့ပါတယ်။

Source: BETV Business

## မန္တလေးတိုင်းဒေသကြီးဈေးကွက်တွင် ဂျုံသီးနှံများ အမြင့်ဈေးနှုန်းဖြင့် အရောင်းအဝယ်သွက်နေ



Source: ရတနာပုံသတင်းစာ

မန္တလေးဈေးကွက်တွင် ယခုရက်ပိုင်းအတွင်း ဂျုံသီးနှံများ ဝင်ရောက်လာပြီး အမြင့်ဈေးနှုန်းဖြင့် အရောင်းအဝယ်သွက်နေကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ) ထံမှသိရသည်။

အဆိုပါ ဂျုံသီးနှံများသည် မန္တလေးဈေးကွက်အတွင်းသို့ မုံရွာ၊ ရွှေဘို၊ စစ်ကိုင်း၊ ဘုတလင်၊ မြင်းမူ၊ မြောင်စသည့်ဒေသများမှ ဝင်ရောက်လာကြောင်း၊ ဇန်နဝါရီလအတွင်းက ဂျုံသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၉၀၀၀၀ ဈေးရှိခဲ့သော်လည်း မတ် ၂၂ ရက်မှစ၍ ဂျုံသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ ထိပေါက်ဈေးရှိကာ အမြင့်ဈေးများဖြင့် အရောင်းအဝယ်သွက်နေကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ)က ပြောပြသည်။

"ဂျုံသီးနှံတွေက အမြင့်ဈေးနှုန်းနဲ့ အရောင်းအဝယ်ဖြစ်နေပါတယ်။ မန္တလေးဈေးကွက်မှာ အရည်အသွေးကောင်းတဲ့ မြောင်ဒေသကထွက်တဲ့ ဂျုံတွေက လူကြိုက်အများဆုံးဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဆန်စပါးပြီးရင် ဂျုံကဒုတိယအများဆုံးစားသုံးတဲ့သီးနှံဖြစ်ပါတယ်။ ဒီနှစ်မှာ ဂျုံဈေးမြင့်မားနေတော့ ဂျုံစိုက်တောင်သူတွေ တွက်ခြေကိုက်တဲ့နှစ်ဖြစ်ပါတယ်။ အရင်က ဂျုံစေ့ ဒါမှမဟုတ် ဂျုံမှုန့်ကို ပြည်ပကနေ မှာယူတင်သွင်းတာတွေရှိခဲ့ပါတယ်။ ဒါကြောင့် ဂျုံစိုက်ဧကတွေကို တိုးချဲ့စိုက်ပျိုးသင့်ပါတယ်။ ဂျုံစားသုံးမှုကလဲ တစ်နှစ်ထက်တစ်နှစ် များပြားလာပါတယ်" ဟု ဦးစိုးဝင်းမြင့်က ပြောပြသည်။

ဂျုံသီးနှံကို တစ်နှစ်လျှင် တစ်ရာသီသာ စိုက်ပျိုးကြကြောင်း၊ ဂျုံကို စစ်ကိုင်းတိုင်းဒေသကြီး၌ အဓိကထားစိုက်ပျိုးကြပြီး ရှမ်းပြည်နယ် (တောင်ပိုင်း)၊ (မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ကယားပြည်နယ်တို့တွင်လည်း စိုက်ပျိုးကြကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## စစ်ကိုင်းတိုင်းဒေသကြီးထွက် ငရုတ်သီးများ ယခုနှစ်တွင် ဈေးကောင်းရ

ယခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးမှထွက်ရှိသော ငရုတ်သီးများ ယခင်နှစ်ထက် ဈေးကောင်းရရှိနေကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်ကြည်ဝင်းက ပြောပြ၍သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးမှထွက်ရှိသော ငရုတ်ဈေးကွက်အနေဖြင့် ပြီးခဲ့သည့်နှစ်က ငရုတ်သီးတစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ဈေးသာရှိခဲ့ပြီး ယခုနှစ် ငရုတ်သီးတစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"ငရုတ်သီးဈေးကွက်ကတော့ ကောင်းတယ်။ အခြားသီးနှံတွေလဲ ဈေးကောင်းတာပါပဲ။ သီးနှံစိုက်တဲ့ သွင်းအားစုပစ္စည်းဈေးတွေတက်တော့ ငရုတ်သီးဈေးလဲတက်တယ်။ ငရုတ်သီးဈေးကတော့ မနှစ်ကနဲ့စာရင် ဈေးတက်လာတယ်"ဟု ဦးအောင်ကြည်ဝင်းက ပြောပြသည်။

ယခုနှစ် စစ်ကိုင်းဒေသကြီးတွင် ဆောင်းကာလ၌ ငရုတ်သီးစိုက်ပျိုးမှုကို ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မော်လိုက်ခရိုင်တွင် ငရုတ်ခြောက်ဧက ၃၀၊ အစို ၂၁ ဧက၊ တမူးခရိုင်တွင် ငရုတ်စို ၂၃၂ ဧက၊ ကလေး ခရိုင်တွင် ငရုတ်စိုဧက ၂၃၀၊ခန္တီးခရိုင်တွင် ငရုတ်စို ၂၁၃ ဧက၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ငရုတ်စိုဧက ၅၀၊ မုံရွာခရိုင်တွင် ငရုတ်ခြောက် ၂၈၁ ဧက၊ အစို ၁၆၁၂ ဧက၊ ယင်းမာပင်ခရိုင်တွင် ငရုတ်ခြောက် ၁၄၅၄ ဧက၊ ရွှေဘိုခရိုင်တွင် ငရုတ်စို ၁၃၃၉ ဧက၊ စစ်ကိုင်းခရိုင်တွင် ငရုတ်ခြောက် ၁၅၀၂ ဧက၊ အစို ၈၈၈ ဧက၊ ကသာခရိုင်တွင် ငရုတ်ခြောက် ၂၈၈ ဧက၊ အစို ၁၈၄ ဧက၊ ကောလင်းခရိုင်တွင် ငရုတ်စိုဧက ၁၀၀ ဖြစ်ရာ စုစုပေါင်းငရုတ်ခြောက် ၃၅၅၅ ဧကနှင့် ငရုတ်စို ၄၈၆၉ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

ငရုတ်သီးနှံကို စတင်စိုက်ပျိုးချိန်မှ အသီးသီးချိန်ထိ ကုန်ကျစရိတ်မှာ ကိုယ်ပိုင်ယာမြေဆိုလျှင် ၁၅ သိန်း၊ မြေငှားစိုက်ပျိုးလျှင် ၂၅ သိန်းခန့်ကုန်ကျကြောင်း၊ ငရုတ်သီးနှံသည် ၁၅ ရက်တစ်ကြိမ် ခူးဆွတ်ရပြီး ခြောက်လထိခူးဆွတ်၍ရကြောင်း၊ အထွက်နှုန်းမှာ တစ်ဧကလျှင် စတင်ခူးဆွတ်ချိန်၌ ပိဿာ ၁၀၀ ခန့်ထွက်ပြီး နောက်အပတ်များတွင် ပိဿာ ၄၀၀ နှင့် ၅၀၀ ကြားရရှိကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## တရုတ်နိုင်ငံ လုံချောင်ခရိုင်တွင် ကိုဗစ်ရောဂါပိုးတွေ့ရှိမှုကြောင့် တစ်ခရိုင်လုံး Lockdown ချထားပြီး လွယ်ဂျယ်နှင့် ရွှေလီနယ်စပ်ဂိတ်များ ရက်အကန့်အသတ်မရှိပိတ်ထား

တရုတ်နိုင်ငံ လုံချောင်ခရိုင်တွင် ကိုဗစ်ရောဂါပိုးတွေ့မှုကြောင့် တစ်ခရိုင်လုံး Lockdown ချကာ လွယ်ဂျယ်နယ်စပ်ဂိတ်နှင့် ရွှေလီနယ်စပ်ဂိတ်များကို ရက်အကန့်အသတ်မရှိ ပိတ်ထားကြောင်း နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းရှင်များက ပြောကြားသည်။

လုံချောင်ခရိုင်တွင် အိုမီခရွန်ကိုဗစ်ပိုးတွေ့လူများနေခြင်းကြောင့် Lockdown ချထားခြင်းဖြစ်ပြီး မတ် ၁၀ ရက်နောက်ပိုင်းမှစကာ ပိုးတွေ့လူနာများလာခြင်းဖြစ်ကြောင်း ဗန်းမော်ခရိုင် နယ်စပ်ကုန်သွယ်ရေး လုပ်ကိုင်နေသူတစ်ဦးကဆိုသည်။ ၎င်းက "ပထမပိတ်တာက ငှက်ပျော။ မတ်၁၈ ရက်ကတည်းကပဲ။ မတ် ၂၁ ရက် ညနေပိုင်းတော့ ဆန်၊ ပြောင်း၊ ကြံပါထပ်ပိတ်တာ။ ကားအစီး ၄၀၀ ကျော်လောက် တစ်လမ်းလုံးပိတ်နေတာပဲ။ အထိနာတာကတော့ ငှက်ပျောသမားတွေပဲ" ဟု ပြောကြားသည်။

ငှက်ပျောကားများမှာ ငှက်ပျောများ ဂိုဒေါင်များအတွင်းမှ သွန်ပစ်နေကြရပြီး ငှက်ပျောဖာများကို ပြန်ယူနေကြရကြောင်း ကားသမားများက ပြောကြားသည်။ လွယ်ဂျယ်-လာရင်းနယ်စပ်ဂိတ်ကို လွန်ခဲ့သည့် ၂၀၂၁ ခုနှစ် ဇူလိုင် ၁၁ ရက်မှ စတင်ပိတ်ထားခဲ့သည်မှာ ခြောက်လကျော်ကြာမြင့်ခဲ့ပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၇ ရက်က ပြန်လည်ဖွင့်လှစ်ခဲ့သည်။ လက်ရှိတွင် ကန်ပိုင်တည်နယ်စပ်ဂိတ်ကို ဒီဇင်ဘာလလယ်ပိုင်းတွင် စတင်ဖွင့်လှစ်ခဲ့သော်လည်း ကိုဗစ်ကပ်ဘေးကာကွယ်မှု၊ စစ်ဆေးမှုနှင့် ကုန်စည်စစ်ဆေးမှုများကြောင့် တစ်ရက်လျှင် အစီးရေဆယ်ဂဏန်းသာ ကုန်သွယ်နိုင်သေးကြောင်း သိရသည်။ တစ်ရှူးငှက်ပျောစိုက်သည့် တရုတ်လုပ်ငန်းရှင်အများစုမှာ နှစ်နှစ်ဆက်တိုက် အရှုံးပေါ်ခဲ့ပြီးနောက် တရုတ်အစိုးရထံချေးငွေများ ပြန်မဆပ်နိုင်သည့် အခြေအနေများသို့ ရောက်ရှိခဲ့ပြီး လက်ရှိငှက်ပျောရာသီတွင် အရင်းငွေပြန်မရပါက လုပ်ငန်းများရပ်နားထားရမည့် အခြေအနေဖြစ်နေကြောင်း သီးနှံလုပ်ငန်းရှင်များအသင်းမှ အသင်းဝင်တစ်ဦးက ပြောကြားသည်။

လွယ်ဂျယ်-လာရင်း မြန်မာ-တရုတ်နယ်စပ်ဂိတ်ကို အချိန်မီမဖွင့်နိုင်သဖြင့် တစ်ရှူးငှက်ပျောကားများစွာမှ စွန့်ပစ်ခဲ့ရကြောင်းလည်းသိရသည်။ လွယ်ဂျယ်နယ်စပ်ဂိတ်မှ လွန်ခဲ့သည့်သုံးနှစ်ကျော်က တစ်ရှူးငှက်ပျော ကားများအစီးရေ သုံးထောင်ကျော်မှငါးထောင်ကျော်အထိ ကုန်သွယ်မှုပြုခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ကချင်ပြည်နယ်အတွင်း တရုတ်နိုင်ငံမှ လာရောက်စိုက်ပျိုးသည့် တစ်ရှူးငှက်ပျောလုပ်ငန်းများနှင့် ဆက်နွယ်ပတ်သက်နေသည့် လုပ်ငန်းရှင်များ၊ အလုပ်သမားများ၊ ဈေးရောင်းသူများတွင် အကြွေးစနစ်လည်ပတ်မှုမြင့်မားနေခြင်း၊ လုပ်ငန်းခွင်နှင့်ပတ်သက်သည့်အခြေအနေ အတိအကျမရှိခြင်း၊ ပုံစံမမှန်သည့်လုပ်ငန်းလည်ပတ်မှုဖြင့် လည်ပတ်နေရခြင်းကြောင့် ပြဿနာပေါင်းများစွာကို နေ့စဉ်ဖြေရှင်းနေကြရကြောင်း တစ်ရှူးငှက်ပျောခင်းအနီးရှိ ကျေးရွာလူကြီးများက ပြောကြားသည်။


ကန်ပိုက်တည် နယ်စပ်ကုန်သွယ်ရေးစခန်းသည် မြစ်ကြီးနားမြို့နှင့် ၈၅ မိုင်ကွာဝေးပြီး တရုတ်နိုင်ငံ ယူနန်ပြည်နယ်ပေါက်ဆန်းခရိုင် ထိန်ချုံးမြို့နယ်နှင့်ထိစပ်နေပြီး ထိန်ချုံးမြို့နှင့် ၅၁ မိုင်ကွာဝေးကြောင်းသိရသည်။ လွယ်ဂျယ်နယ်စပ်ဂိတ်မှာ ဗန်းမော်မြို့မှ ၅၆ မိုင် လေးဖာလုံအကွာတွင်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ လုံချွမ်ခရိုင် ကျန်းဖုန်းမြို့နယ် လိုင်းရင်းကျေးရွာနှင့် ထိစပ်နေသည့် နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုဖြစ်ကြောင်းသိရသည်။

တရုတ်နိုင်ငံနှင့် ကချင်ပြည်နယ်တို့ တရားဝင်အဓိကဆက်သွယ်သည့်ဝင်ပေါက်မှာ ကန်ပိုင်တည်ဝင်ပေါက်နှင့် လွယ်ဂျယ်ဝင်ပေါက်၊ ပန်ဝါဝင်ပေါက်တို့ကို အဓိကအသုံးပြုနေသည်။ ထို့ပြင် လိုက်ဇာ၊ မန်ဝိန်းကြီး ဝင်ပေါက်များကိုလည်း အသုံးပြုနေကြသည်။

**Source:** https://news-eleven.com/article/227961

**စီးပွားရေးသံမှူးသတင်းများ**

**တရုတ်နိုင်ငံတွင် မတ်လ (၉)ရက်နေ့၌ စားအုန်းဆီဈေးနှုန်းများ ဆက်လက်မြင့်တက်လာ**




မတ်လဆန်းမှစ၍ တရုတ်နိုင်ငံအစိုးရက အရန်သိုလှောင်မှုပြုလုပ်ရန် ပဲပုပ်ဆီများကို လေလံခေါ်ယူမှု၏ ရိုက်ခတ်မှုကြောင့် စားအုန်းဆီဈေးကွက်မှာလည်း မတ်လ (၇)ရက်နေ့မှ နောက်ပိုင်းတွင် အတက်ဘက်သို့ ပြန်လည်ရောက်ရှိလာပါသည်။ မလေးရှားနိုင်ငံဘက်၌ ရောင်းလိုအား အကန့်အသတ်ရှိနေဆဲဖြစ်ရာ မတ်လ (၉)ရက်နေ့တွင် တရုတ်ပြည်တွင်း၌ ဖြစ်ပေါ်ခဲ့သည့် စားအုန်းဆီ လက်ငင်းအရောင်းအဝယ်ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၁၃,၈၄၀) ဖြစ်လာပါသည်။ ရေတိုကာလ၌ တရုတ်ပြည်တွင်း စားအုန်းဆီဈေးနှုန်းများမှာ အမြင့်ပိုင်းတွင် အတက်အကျ ဆက်လက်ဖြစ်ပေါ်နေဖွယ်ရှိပါသည်။

Source: SunSirs (၁၀-၃-၂၀၂၂)

**ဒေါက်တာရွှေစင်ကို (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ်-နန်နင်း)**

## အိန္ဒိယနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် တားဆီးထိန်းချုပ်ရေး နယ်မြေသတ်မှတ်ခြင်းအား မတ်လကုန်မှ စတင်ရပ်ဆိုင်းမည်

အိန္ဒိယနိုင်ငံ၌ ၂၀၂၀ ပြည့်နှစ် မတ်လ ၂၄ ရက်နေ့မှ စတင်၍ COVID-19 ကပ်ရောဂါ တားဆီးကာကွယ်ထိန်းချုပ်မှုဆိုင်ရာ အမိန့်နှင့်လမ်းညွှန်ချက်များကို ထုတ်ပြန်ဆောင်ရွက်ခဲ့ရာ ယခုအခါ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုမှာ လျော့ပါးသက်သာလျက်ရှိနေပြီ ဖြစ်သောကြောင့် ၂၅-၂-၂၀၂၂ နေ့၌ နောက်ဆုံးထုတ်ပြန်ထားခဲ့သောအမိန့်အား ထပ်မံသက်တမ်းတိုးမြှင့်ခြင်းမပြုရန် အိန္ဒိယ ပြည်ထဲရေးဝန်ကြီးဌာနက ဆုံးဖြတ်ခဲ့ကြောင်း သိရှိရပါသည်။

အိန္ဒိယပြည်ထဲရေးဝန်ကြီးဌာန၊ အတွင်းဝန် Mr. Ajay Bhalla မှ ပြည်နယ်အားလုံးရှိ အတွင်းဝန်ချုပ်များထံသို့ ဆက်သွယ် ပေးပို့သောစာတွင် လွန်ခဲ့သော ၂၄ လတာ ကာလအတွင်း နိုင်ငံတစ်ဝန်း၌ COVID-19 ကပ်ရောဂါနှင့် စပ်လျဉ်း၍ ဓာတ်ခွဲစမ်းသပ် စစ်ဆေးမှု၊ စောင့်ကြည့်ကြပ်မတ်မှု၊ ရောဂါကူးစက်ခံရသူနှင့် ထိတွေ့မှုရှိသူများအား ခြေရာခံမှု၊ လူနာများပြုစုကုသမှု၊ ကာကွယ်ဆေးထိုးနှံပေးမှုနှင့် ဆေးရုံများ၏ အခြေခံအဆောက်အအုံပိုင်း၌ ဖြည့်ဆည်းမှုအစရှိသော စီမံခန့်ခွဲရေးဆိုင်ရာ စွမ်းဆောင်ရည်များသည် သိသာစွာဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း၊ အလားတူ COVID-19 ကပ်ရောဂါအပေါ် တုန့်ပြန် ဆောင်ရွက်ရမည့် ပြည်သူလူထု၏ အသိအမြင်သည်လည်း မြင့်မားလာခဲ့ကြောင်း၊ ပြည်နယ်/ပြည်ထောင်စုနယ်မြေများ၌ ကပ်ရောဂါအား စီမံခန့်ခွဲရန် အသေးစိတ်အစီအမံများ ချမှတ်အကောင်အထည်ဖော်မှုနှင့်အတူ ၎င်းတို့၏ ကိုယ်ပိုင်လုပ်ကိုင်နိုင်စွမ်းနှင့်စနစ်များကို ထူထောင်ထားရှိပြီးဖြစ်ကြောင်း၊ ပြည်တွင်း၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုမှာ လွန်ခဲ့သော ရက်သတ္တပတ် ၇ ခုအတွင်း အရေအတွက် ကျဆင်းလာခဲ့ကြောင်း၊ ၂၂-၃-၂၀၂၂ နေ့၌ တစ်နိုင်ငံလုံးတွင် ကုသမှုခံယူဆဲ အတည်ပြုလူနာဦးရေမှာ ၂၃၉၁၃ ဦးသာရှိပြီး နေ့စဉ်ကူးစက်မှုနှုန်းသည်လည်း ၀.၂၈% သို့ ကျဆင်းခဲ့သည်ကိုတွေ့ရှိရကြောင်း၊ သက်ဆိုင်သူများအားလုံး၏ ပူးပေါင်း ကြိုးပမ်းအားထုတ်မှုအရ ကာကွယ်ဆေးထိုးနှံမှု အကြိမ်ရေစုစုပေါင်း ၁၈၁၅.၆ သန်းအထိ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း၊ သို့ဖြစ်ရာ အစိုးရ၏ ကပ်ရောဂါအပေါ် ကိုင်တွယ်ဆောင်ရွက်နိုင်မှုနှင့် ဘက်ပေါင်းစုံမှ တိုးတက်လျက်ရှိသည့်အခြေအနေကို ထည့်သွင်း စဉ်းစားလျက် ကိုရိုနာဗိုင်းရပ်စ် တားဆီးထိန်းချုပ်ရေး ကန့်သတ်ချက်များကို ဆက်လက်ထားရှိခြင်းမပြုရန် အမျိုးသားသဘာဝ ဘေးအန္တရာယ်စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့က ဆုံးဖြတ်ခဲ့ကြောင်း၊ သို့ရာတွင် နှာခေါင်းစည်းတပ်ဆင်အသုံးပြုမှု၊ လက်သန့်စင်မှုနှင့် လူမှုအလှမ်းဝေးနေထိုင်မှုတို့ အပါအဝင် အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ချမှတ်ထားသည့် COVID ကာကွယ်တားဆီးရေး ဆိုင်ရာ လမ်းညွှန်ချက်များကိုမူ ဆက်လက်လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့အပြင် ရောဂါကူးစက်မှု အရေအတွက် တိုးမြင့်လာကြောင်း တွေ့ရှိရပါက ပြည်နယ်/ ပြည်ထောင်စု နယ်မြေ အစိုးရများ အနေဖြင့် ဒေသအဆင့်အလိုက် လိုအပ်သော လက်ငင်းအရေးယူ ဆောင်ရွက် မှုနှင့် ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်ရန်ဖြစ်ကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု၏ ရောဂါ သဘာဝအရ ပြည်သူလူထုအနေဖြင့်လည်း အခြေအနေကို မျက်ခြေမပြတ်စောင့်ကြည့် သတိပြုမှု ဆက်လက်ထားရှိရန် လိုအပ် ကြောင်းဖြင့် ဖော်ပြထားပါသည်။

၂၀၀၅ ခုနှစ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး အက်ဥပဒေအရ အိန္ဒိယပြည်ထဲရေး ဝန်ကြီးဌာနက ၂၅-၂-၂၀၂၂ နေ့၌ ထုတ်ပြန်ထားရှိသော အမိန့်သည် ၃၁-၃-၂၀၂၂ နေ့တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။ ၎င်းအမိန့်၌ ဒေသန္တရ အစိုးရများ အနေဖြင့် ရောဂါကူးစက်နိုင်သည့် ဘေးအန္တရာယ်ကို လေ့လာဆန်းစစ်ပြီးမှသာ စီးပွားရေးနှင့်လူမှုရေးရာ လုပ်ကိုင် ဆောင်ရွက်မှု များကို ခွင့်ပြုရန်လမ်းညွှန်ထားသည်။ ထို့အပြင် ရက်သတ္တ ၁ ပတ်အတွင်း COVID-19 အတည်ပြုလူနာတိုးတက်မှုနှုန်း ၁၀% အထက်ရှိသော နယ်မြေများ သို့မဟုတ် ဆေးရုံကုတင်နေရာ ၄၀% အထက်၌ COVID-19 အတည်ပြုလူနာ တက်ရောက်ကုသမှုခံယူနေသည့်ဒေသများကို ကန့်သတ်ဇုန်နယ်မြေများအဖြစ်သတ်မှတ်လျက် ရောဂါကာကွယ်တားဆီး ထိန်းချုပ်မှုများ ဆောင်ရွက်ရန်ကိုလည်း ညွှန်ကြားထားသည်။ ယခုကဲ့သို့ ဖြေလျော့မှုသည် စီးပွားရေးလုပ်ငန်းများ ပုံမှန်လည် ပတ်လုပ်ကိုင်မှုကို ပိုမိုတိုးတက်ကောင်းမွန်စေမည်ဖြစ်ပါသည်။

Source: MHA ends COVID-19 containment measures from March 31; wearing of face mask to continue, 23-3-2022, Economic Times

**နေအေးလွင် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့)**

## တောင်ကိုရီးယားနိုင်ငံ၏ ကိုဗစ်-၁၉ ကူးစက်မှုများမြင့်တက်မှုအခြေအနေနှင့် ကျန်းမာရေး၊ စီးပွားရေး ဟန်ချက်ညီစွာတိုးတက်စေရေး ဆောင်ရွက်နေမှုအခြေအနေ



တောင်ကိုရီးယားနိုင်ငံ၏ ကိုဗစ်-၁၉ ဗီဇကွဲ Omicron ကူးစက်မှုသည် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းတွင် နေ့စဉ်ကူးစက်မှု ဦးရေ (၂၀၀,၀၀၀) ဝန်းကျင်ထိ တစ်ရိပ်ရိပ်တိုးတက်လာခဲ့သည့်နောက် ၂၀၂၂ ခုနှစ်၊ မတ်လဒုတိယပတ်တွင် နေ့စဉ်ကူးစက်မှုဦးရေ (၃၀၀,၀၀၀) ကျော်သို့ ရောက်ရှိလာခဲ့ပါသည်။ (၁၄-၃-၂၀၂၂) ရက်နေ့၊ (၀၀:၀၀) နာရီအချိန် KCDA ၏စာရင်းအချက်အလက်များအရ (၁၄-၃-၂၀၂၂) ရက်နေ့တွင် ကိုဗစ်-၁၉ နေ့စဉ်ကူးစက်မှု (၃၀၉,၇၉၀)ဦး၊ သေဆုံးသူ (၂၀၀) ဦးဖြစ်ကြောင်း သိရှိရပါသည်။

တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးသည် ပုံမှန်ပြန်လည်နာလန်ထူမှုလမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဖြစ်ရာ၊ အလွန်တိုးမြင့်လာသော ကိုဗစ်-၁၉ ကူးစက်မှုများအပေါ် Social Distancing ဆိုင်ရာစည်းကမ်းများသတ်မှတ်မှုများတွင် ကျန်းမာရေးနှင့် စီးပွားရေးကဏ္ဍတို့တွင် ဟန်ချက်ညီစွာ တိုးတက်စေရေးအတွက် စီးပွားရေးလုပ်ငန်းဆောင်တာများ မနှောင့်နှေးစေရေး ကိုဗစ်-၁၉ ဆိုင်ရာ Social Distancing စည်းမျဉ်းများကို ဖြေလျှော့၍ သွားလာမှုများတွင် တစ်ကိုယ်ရည် ကာကွယ်မှုများ ကို စနစ်တကျ လိုက်နာဆောင်ရွက်စေခြင်း၊ စားသောက်ဆိုင်များအပါအဝင် ဆိုင်များဖွင့်ချိန်ကို တိုးမြှင့်ပေးခြင်း၊ ကန့်သတ်နိုင်ငံများမှအပ ပြည်ဝင် ခရီးသည် ဆိုက်ရောက်မှုတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး အကြိမ်အရေအတွက် အပြည့်အဝထိုးပြီးပါက Quarantine နေထိုင်ခြင်းဆိုင်ရာများကို ရုပ်သိမ်း ဖြေလျှော့ခြင်းနှင့် ကိုဗစ်-၁၉ ပိုးရှိ/ မရှိ စစ်ဆေးခြင်းတို့ကိုလည်း PCR Test စစ်ဆေးမှုအပြင် Rapid Antigen Test Kit များဖြင့် စစ်ဆေးသည့်ရလဒ်တို့ကို တောင်ကိုရီးယားအစိုးရကလက်ခံကြောင်း အတည်ပြုခွင့်ပြုပေးခဲ့ပါသည်။ တစ်ဖက်တွင်လည်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်းကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ၊ အသက် (၅)နှစ်မှ(၁၁)နှစ်အရွယ်ကလေးငယ်များ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးခြင်းကို ၂၀၂၂ ခုနှစ် မတ်လ (၃၁) ရက်နေ့မှ စတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ထိုသို့ ဖြေလျှော့မှုများဆောင်ရွက်ခြင်းဖြင့် ကျန်းမာရေးကဏ္ဍဘက်တွင် ဆေးရုံများ၌ ကိုဗစ်-၁၉ လူနာများပြား၍ ကုတင်နေရာ မလောက်ငမှုများကို တစ်ဖက်တစ်လမ်းမှလျှော့ချနိုင်ပြီး၊ အမှန်တကယ် ဆေးရုံတက်ရန်လိုအပ်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုထိရောက်စွာဖြင့် ကုသမှုပေးနိုင်မည်ဖြစ်ပါသည်။ စီးပွားရေးကဏ္ဍဘက်တွင်လည်း မလိုအပ်ဘဲအလုပ်လုပ်ချိန်များ မလျော့ကျစေခြင်းဖြင့် စီးပွားရေးလုပ်ငန်းများလည်ပတ်မှုဆိုင်ရာ နစ်နာမှုများကို ကာကွယ်နိုင်မည်ဖြစ်ပြီး၊ နိုင်ငံတော်ဘဏ္ဍာအသုံးပြုမှုများကိုလည်း ချွေတာနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်၍ တောင်ကိုရီးယားနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကူးစက်မှုများမြင့်တက်လျက်ရှိသော်လည်း ကာလရှည်ကြာနေသည့် ကိုဗစ်-၁၉ ကူးစက်ရောဂါသည် မည်သည့်အချိန်တွင် ကမ္ဘာမြေပေါ်မှ ပျောက်ကွယ်မည်ကို မခန့်မှန်းနိုင်သဖြင့် နိုင်ငံ၏ ကျန်းမာရေးနှင့်စီးပွားရေးကို ဟန်ချက်ညီစွာ အရှိန်အဟုန်မပျက် ဆက်လက်တိုးတက်စေရေးအတွက် အစီအမံများရေးဆွဲလျက် တစ်ဆင့်ချင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။

Source: KCDA၊ Arirang News

**ဝင်းပပသူ (စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဆိုးလ်မြို့)**

# STOCK EXCHANGE (24.3.2022)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 24th Mar. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 13 | 104,000 | 33,109,694 | 264,878 |
| MTSH | 00002 | 2,850 | -50 | -1.72% | 2,800 | 2,850 | 2,800 | 1,040 | 2,922,000 | 38,929,150 | 110,948 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 18,500 | +0 | +0.00% | 18,500 | 18,500 | 18,500 | 0 | 0 | 2,472,053 | 45,733 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 25 | 65,000 | 12,823,224 | 33,340 |
| EFR | 00006 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 185 | 490,250 | 19,977,223 | 52,940 |
| AMATA | 00007 | 5,100 | +0 | +0.00% | 5,100 | 5,100 | 5,100 | 0 | 0 | 10,497,598 | 53,538 |

## Market summary

As of 24th Mar. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 369.93 | -1.12 | -0.30% | 368.82 | 369.93 | 368.82 | 1,263 | 3,581,250 | 7 | 643,545 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 24th Mar. 2022

| MYANPIX | 369.93 ▼ 1.12 |
|---|---|
| Total Volume (shares) | 1,263 |
| Total Value (MMK) | 4 mil |
| Listed Company | 7 |
| Market Cap. (MMK) | 643,545 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▲ 0 |
| MTSH | 00002 | 2,850 | ▼ 50 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 18,500 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,650 | ▲ 0 |
| AMATA | 00007 | 5,100 | ▲ 0 |